တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ် ၅၂၇

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၄ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၃၇၈ တွင် ချမှတ်သော ၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

| | | |
|---|---|---|
| Myanmar Win Life Co., Ltd | နှင့် | Golden Power Lamp Co., Ltd<br>(အခွင့်ရကိုယ်စားလှယ် ဦးမင်းစိုး) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကျော်ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ |

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၈ တွင် Golden Power Lamp Co., Ltd က ၎င်း၏ အခွင့်ရကိုယ်စားလှယ် အထွေထွေမန်နေဂျာဦးမင်းစိုးမှ တစ်ဆင့် Myanmar Win Life Co., Ltd အပေါ် RBI ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ထားသော ကုန်စည်များကို တရားပြိုင်ကုမ္ပဏီက မြန်မာနိုင်ငံဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်စေရန် ထာဝရတားမြစ်မိန့် ရလိုကြောင်းနှင့် နစ်နာကြေးငွေကျပ်သိန်း ၁၅၀၀ ရလိုကြောင်း စွဲဆိုရာ တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် တုပထုတ်လုပ်ထားသည့် မော်တော်ယာဉ် အင်ဂျင်သုံး ရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် ထာဝရ တားမြစ်မိန့်နှင့် တရားပြိုင်ကုမ္ပဏီက တရားလိုကုမ္ပဏီသို့ လျော်ကြေးငွေကျပ်သိန်း ၄၀၀ ပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို Myanmar Win Life ကုမ္ပဏီက ကျေနပ်မှု မရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၃၇၈ ဖြင့် အယူခံရာ အယူခံမှုကို ပလပ်ခဲ့သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို ဆက်လက် တင်သွင်းလာခြင်း ဖြစ်သည်။

တရားလိုကုမ္ပဏီက ထိုင်းနိုင်ငံ အခြေစိုက် Rubber Intertrade Co., Ltd မှ တရားလိုကုမ္ပဏီအား RBI ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ် အင်ဂျင်နှင့်အခြားပစ္စည်းအစိတ်အပိုင်းများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် Rubber ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ၇-၄-၂၀၁၀ ရက်စွဲပါ စာဖြင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှေ့မှောက်၌ လက်မှတ်ရေးထိုး ခန့်အပ်ခဲ့ကြောင်း၊ ယင်း ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မူပိုင်ခွင့် ထိပါးချိုးဖောက်သူများအပေါ် အရေးယူဆောင်ရွက်ခွင့်အာဏာ လွှဲအပ်သည့်စာကို တရားလိုကုမ္ပဏီသို့ တရားဝင် ပေးအပ်ခဲ့ကြောင်း၊ တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်အမှတ် ၇၄၉/၂၀၁၃ ဖြင့် မှတ်ပုံတင်ထားခဲ့ကြောင်း၊ ၁၃-၂-၂၀၁၃ ရက်နေ့တွင် ကြေးမုံသတင်းစာမှ အများသိစေရန် ကြေညာခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင် ရုံးခန်းဖွင့်လှစ်ပြီး RBI ကုန်အမှတ်တံဆိပ်ကို တုပလျက် ထုတ်လုပ်သော မော်တော်ယာဉ်အင်ဂျင်သုံး ရာဘာပစ္စည်းမျိုးစုံကို ရန်ကုန်မြို့ ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချသည်ကို သိရှိရ၍ တရားလိုကုမ္ပဏီက ၈-၅-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် သတိပေးတားမြစ်ခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီထုတ်ကုန်ပစ္စည်းအတုများကို သက်သေခံအထောက်အထားဖြစ်စေရန် တရားဝင်ပြေစာများဖြင့် ဝယ်ယူခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီရှိရာ လိပ်စာသို့ တုပပြုလုပ်ထားသော အလားတူကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းကို လုံးဝ ရပ်ဆိုင်းရန် ရှေ့နေမှတစ်ဆင့် ၂၅-၃-၂၀၁၃ ရက်စွဲပါ အကြောင်းကြားစာကို ပေးပို့ရာ တရားပြိုင်ကုမ္ပဏီက အကြောင်းကြားစာကို လက်ခံရယူ ဖွင့်ဖောက်ဖတ်ရှုခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ ဝန်ထမ်းမှ တစ်ဆင့် တရားလိုကုမ္ပဏီထံ အဆိုပါစာ မူရင်းအား ပြန်လည်ပေးပို့ခဲ့ကြောင်း၊ အချင်းဖြစ် RBI ကုန်အမှတ် တံဆိပ်ကို တုပပြုလုပ်ထားသော မော်တော်ယာဉ် အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို တရားပြိုင် ကုမ္ပဏီက ဆက်လက်ဖြန့်ဖြူးရောင်းချ၍ တရားလိုကုမ္ပဏီတွင် များစွာနစ်နာသဖြင့် ဤအမှုစွဲဆိုခြင်း ဖြစ်ကြောင်း အဆိုပြုသည်။

အမှုတွင် မူလဆိုလွှာပါ တရားပြိုင်ကုမ္ပဏီဖြစ်သည့် Win Auto Parts ၏ လိပ်စာဖြစ်သော ကျောက်တံတားမြို့နယ်ရှိ Central Tower အဆောက်အဦသို့ ငြင်းချက်ထုတ်ရန် သမ္မန်စာချအပ်ခဲ့ရာ ယင်းလိပ်စာ၌ တရားပြိုင်ကုမ္ပဏီမရှိသဖြင့် ဆင့်စာလုလင်က ဆင့်စာအတည်မဖြစ် ပြန်လည်တင်သွင်းခဲ့သည်။ ခရိုင် တရားရုံးက တရားပြိုင်ကုမ္ပဏီ၏ လိပ်စာအသစ်ကို တင်သွင်းရန် တရားလိုကုမ္ပဏီသို့ ညွှန်ကြားခဲ့သည့်အတွက် တရားလိုကုမ္ပဏီက လိပ်စာအသစ်ကို တင်သွင်းခဲ့သည်။ ယင်းလိပ်စာပါ ရန်ကုန်မြို့၊ ဘုရင့်နောင်ဈေး၊ အဆောင်အမှတ် B/40၊ အခန်းအမှတ် (1) သို့ သမ္မာန်စာထုတ်ဆင့်ရာ တရားပြိုင်ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တင်က လက်ခံရယူခဲ့၍ သမ္မန်စာအတည်ဖြစ်ကြောင်း ဆင့်စာလုလင်က ပြန်လည် တင်သွင်းခဲ့သည်။ သို့ရာတွင် ရုံးချိန်းရက်၌ တရားပြိုင် Win Auto Parts ကုမ္ပဏီအတွက် ရုံးရှေ့သို့ မည်သူမျှ လာရောက်ခြင်းမရှိသဖြင့် ၂၀-၁၁-၂၀၁၃ ရက်နေ့တွင် အမှုအား တရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၆ (၁) အရ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

မူလခရိုင်တရားရုံးသည် တရားလိုနှင့် တရားလိုပြသက်သေများ စစ်ဆေးပြီးနောက် တရားပြိုင် Myanmar Win Life Co.,Ltd ၏ လက်အောက်ခံ Win Auto Parts သည် တရားလိုကုမ္ပဏီက မြန်မာနိုင်ငံတွင် တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့်ရသော RBI တံဆိပ်ပါ ရာဘာအပိုပစ္စည်းများ

ဖြန့်ဖြူးရောင်းချသည်မှာ ထင်ရှားကြောင်း သုံးသပ်ကာ တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားဖြင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်အင်ဂျင်သုံး ရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် တာဝရ တားမြစ်ဝရမ်း ထုတ်ပေး၍ တရားပြိုင် Myanmar Win Life Co., Ltd သည် တရားလို Golden Power Co., Ltd သို့ နစ်နာကြေး ငွေကျပ်သိန်း ၄၀၀ ပေးလျော်စေရန် ဒီကရီ ချမှတ်ခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော်ကလည်း မူလခရိုင်တရားရုံး၏ အမိန့်ကို ဆက်လက် အတည်ပြုခဲ့သည်။

အယူခံတရားလို၏ရှေ့နေက သမ္မန်စာ ချအပ်ရာတွင် တရားပြိုင်၏ ကိုယ်စားလှယ်၊ မန်နေဂျာ သို့မဟုတ် တရားပြိုင်၏ ကိုယ်စားပြုသူတို့မှ လက်မှတ်ရေးထိုးရန်ဖြစ်ကြောင်း၊ တရားစွဲဆိုသည်မှာ Win Auto Parts Co., Ltd ဖြစ်ပြီး သမ္မန်စာ လက်ခံထားသည်မှာ Win Auto Parts ဆိုင်မှ ကုမ္ပဏီ ဝန်ထမ်းသာဖြစ်၍ သမ္မန်စာ အတည်မဖြစ်ကြောင်း၊ သမ္မန်စာအတည် မဖြစ်ပါဘဲ အမှုအား တရားမကျင့်ထုံး ဥပဒေအမိန့် ၉ နည်းဥပဒေ ၆ အရ ဆောင်ရွက်ခဲ့ခြင်းမှာ မှားယွင်းနေကြောင်း၊ မူလရုံး တရားလိုမှာ Golden Power Lemp Co., Ltd ဖြစ်ပြီး အမှုအား အခွင့်ရကိုယ်စားလှယ် ဦးမင်းစိုး (အထွေထွေ မန်နေဂျာ) မှတစ်ဆင့် စွဲဆိုခြင်းဖြစ်ကြောင်း၊ တရားလိုဘက်မှ သက်သေခံ (ဂ)၊ (ဂ-၁) တို့အဖြစ် တင်ပြသော List of share holders (Form E) Particulars of Directors, Managers and Managing Agents of changes Form XX VI တို့တွင် ဦးမင်းစိုးအမည်မပါရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၉ နည်းဥပဒေ ၁ တွင် ပြဋ္ဌာန်းချက်အရ ကုမ္ပဏီများက စွဲဆိုသည့်အမှုများတွင် ကိုယ်စားလှယ် လွှဲအပ်ခြင်း ကိစ္စရပ်များအတွက် လိုက်နာရန် ပြဋ္ဌာန်းထားကြောင်း၊ ဦးမင်းစိုးက အမှုကို ကိုယ်စားပြု စွဲဆိုခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၉ နည်းဥပဒေ ၁ နှင့်အညီ စွဲဆိုခြင်းမဟုတ်၍ ပျက်ပြယ်ကြောင်း၊ RBI ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်အင်ဂျင်နှင့် အခြားပစ္စည်း များကို ထုတ်လုပ်သူမှာ ထိုင်းနိုင်ငံအခြေစိုက် Rubber Intertade Co., Ltd ဖြစ်ပြီး ကုန်အမှတ် တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၇၄၉/၂၀၁၃ ပိုင်ရှင်မှာ ယင်းကုမ္ပဏီဖြစ်ကြောင်း၊ ပိုင်ရှင်မဟုတ်သူ ဖြန့်ဖြူးရေးကိုယ်စားလှယ်တစ်ဦးက ပစ္စည်း တစ်ခုနှင့်စပ်လျဉ်း၍ ထာဝစဉ် တားဝရမ်းတစ်ရပ် စွဲဆိုခွင့် (Right to sue ) မရှိကြောင်း၊ ထိုင်းနိုင်ငံကပေးထားသည့် ကိုယ်စားလှယ်အဖြစ်သာ စွဲဆိုရမည်ဖြစ်၍ အမှုပုံစံမှားယွင်းနေကြောင်း၊ တရားလိုကိုယ်တိုင် အဆိုပြု စွဲဆိုထားခြင်း မရှိသည့် Myanmar Win Life Co, Ltd အပေါ် ဒီကရီချမှတ်ခြင်းမှာ ဥပဒေအရမှားယွင်းကြောင်း၊ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီက တရားလိုကုမ္ပဏီအား ၇-၄-၂၀၁၀ နေ့စွဲပါ အေဂျင်စီ (အကျိုးဆောင်) ဖြစ်ကြောင်း ထောက်ခံစာပေးပို့ခြင်း အထောက်အထားအရ တုပသူများအား တရားစွဲဆိုရန် အာဏာကုန်လွှဲအပ်ထားကြောင်း၊ တရားလိုမှ ရုံးရှေ့ထွက်ဆိုထားသော်လည်း RBI ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် သက်သေခံ (ဆ) ၏ အောက်ဆုံးစာပိုဒ်တွင် " ဤသက်သေခံလက်မှတ်ကို ၇-၄-၂၀၁၀ နေ့တွင် ထုတ်ပေးပြီး ယခုနှစ်ဆုံးသည်အထိ တရားဝင်သည်" This Certificate is given on April 7 th 2010 and Valid throughtout the year end " ဟူ၍ ပါရှိကြောင်း၊ သို့ပါလျက် တရားလိုကုမ္ပဏီသည် အမှုကို အခွင့်အာဏာမရှိတော့ပါဘဲလျက် မမှန်မကန် ထိန်ချန်ဖုံးကွယ် စွဲဆိုကြောင်းမှာ မြင်သာကြောင်း၊ တရားလို ဘက်မှ တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းများ တုပပြုလုပ် ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ် သိုလှောင်ထားရှိခြင်းတို့နှင့် စပ်လျဉ်း၍ RBI ပစ္စည်း အစစ်အမှန်နှင့် တုပပြုလုပ်သည်ဆိုသည့် ပစ္စည်းတို့ကို သက်သေခံ အထောက်အထားတို့ဖြင့် သံသယကင်းရှင်းစွာ သက်သေ

ပြရန် လိုအပ်ကြောင်း၊ ဤအခြေအနေတွင် ပစ္စည်းနှင့်စပ်လျဉ်း၍ ထာဝရ တားမြစ်မိန့် ထုတ်ဆင့်ခြင်းနှင့် ငွေကျပ်သိန်း ၄၀၀ နစ်နာကြေးပေးစေရန် ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မျှတ မှန်ကန်ခြင်း မရှိသဖြင့် မူလမှုအား စရိတ်နှင့်တကွ ပလပ်သည့် အမိန့်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မူလခရိုင်တရားရုံးသည် သမ္မန်စာချအပ်မှုအတည်ဖြစ် မဖြစ် သမ္မန်စာလုလင်၏ ကျမ်းကျိန်တင်ပြချက်အပြင် တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်းဥပဒေ ၁၉ နှင့်အညီ စစ်ဆေးခဲ့ကြောင်း၊ သမ္မန်စာအား Win Auto Parts အရောင်းဆိုင်မှ ဦးမောင်မောင်တင်ဆိုသူမှ အုပ်ချုပ်ရေးမှူးဟု လက်မှတ်ရေးထိုးလက်ခံရယူပြီး သမ္မန်စာကို ကုမ္ပဏီရုံးချုပ်သို့ ပေးပို့မည်ဟု စာရေးသား၍ လက်မှတ်ထိုးခြင်းဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ယင်းအချက်ကို Win Auto Parts အရောင်းဆိုင် တည်ရှိရာ ဘုရင့်နောင်ဈေးတာဝန်ခံကလည်း ထွက်ဆိုထားကြောင်း၊ သို့ဖြစ်ရာ မူလခရိုင်တရားရုံးက Win Auto Parts အရောင်းဆိုင်အပေါ် ချအပ်သော သမ္မန်စာအတည်ဖြစ်သည်ဟု ကောက်ယူပြီး အမှုအား တရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၆ အရ ဆောင်ရွက်ခဲ့ခြင်းမှာ လုပ်ထုံးလုပ်နည်း မှားယွင်းမှု မရှိကြောင်း၊ Myanmar Win Life Co., Ltd ၏ မန်နေဂျာ ဦးမောင်မောင်မြင့်ဆိုသူမှ တရားမကျင့်ထုံး ဥပဒေအမိန့် ၉ နည်းဥပဒေ ၇ အရ ရောက်ရှိသည့် ရုံးချိန်းမှ စ၍ တရားပြိုင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်ကို မူလရုံးမှ ခွင့်ပြုခဲ့ကြောင်း၊ သို့ရာတွင် ပူးတွဲတရားပြိုင် (၂) အဖြစ် သတ်မှတ်ပေးရန် ထပ်မံလျှောက်ထားခဲ့သည်ကိုမူ ခွင့်မပြုခဲ့ကြောင်း၊ ယင်းအမိန့်ကို တရားပြိုင်ဘက်မှ အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခဲ့ခြင်း မရှိကြောင်း၊ ၂၃-၄-၂၀၁၄ ရက်နေ့တွင် အဆိုလွှာကို ပြင်ဆင်ရာ၌ အဆိုလွှာရှိ တရားပြိုင် အစစ်အမှန်သည် Win Auto Parts Co., Ltd မဟုတ်ဘဲ Win Auto Parts အရောင်းဆိုင် လုပ်ငန်းအဖြစ် Myanmar Win Life Co., Ltd က ဖွင့်လှစ်လုပ်ကိုင်နေခြင်းဖြစ်၍ တရားပြိုင် အမည် နေရာတွင် Myanmar Win Life Co., Ltd ဟု သတ်မှတ်ပြင်ဆင်သင့်ကြောင်း အယူခံရားလိုက လျှောက်ထားတင်ပြထားကြောင်း၊ ယင်းလျှောက်ထားမှုသည် သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ အပြီးသတ်ပိတ်ပင်ပြီးဖြစ်၍ ဤအယူခံမှု၌ တရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၆ အရ ဆောင်ရွက်မှု အပေါ် ဥပဒေနှင့်မညီ၊ နည်းလမ်းမကျဟု ထပ်မံတင်ပြအရေးဆိုခွင့် မရှိကြောင်း၊ ကုမ္ပဏီတစ်ခု၏ Granal Manager ရာထူးအဆင့်အတန်းသည် အဆိုပါ ကုမ္ပဏီ၏ အကြီးတန်း အရာရှိ (Principle Officer) ဖြစ်ကြောင်း၊ တရားလို ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့က အစည်းအဝေးပြုလုပ်ပြီး ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ကိုယ်စား အကြီးတန်းအရာရှိ ဦးမင်းစိုးကို တာဝန်လွှဲအပ်၍ ကုမ္ပဏီ၏ Managing Dirctor က Court Power ဖြင့် အမှုလိုက်ပါဆောင်ရွက်ရန် ကိုယ်စားလှယ်ခန့်အပ်ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၉ နည်းဥပဒေ ၁ နှင့် မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ် ၃၄ တို့နှင့်ညီညွတ်ကြောင်း၊ အထွေထွေ မန်နေဂျာ ဦးမင်းစိုးက အဆိုလွှာ၌ လက်မှတ်ရေးထိုးခြင်းသည် တရားလိုကုမ္ပဏီအား ကိုယ်စားပြု၍ ရေးထိုးရာ ရောက်မရောက်ဟူသော အငြင်းပွားချက်သည် ကျင့်ထုံးဆိုင်ရာ ချို့ယွင်းချက်သာဖြစ်၍ ဒီကရီကို ပယ်ဖျက်ခွင့်မရှိကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားကြောင်း၊ **ဦးဘချစ်** နှင့် **နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အမှု**[၁] တွင်လည်း အလားတူ ဆုံးဖြတ်ထားကြောင်း၊ အချင်းဖြစ် RBI ကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်သူ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီက တရားလိုအား မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော ဖြန့်ဖြူးရေးကိုယ်စားလှယ် ခန့်အပ်ကြောင်း၊ ကုန်အမှတ်တံဆိပ်

---

[၁] ၁၉၅၈ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၅၀

ထိပါးချိုးဖောက်မှုပြုသူများအပေါ် တရားစွဲဆိုအရေးယူဆောင်ရွက်ခွင့်အာဏာ လွှဲအပ်ကြောင်း စာတမ်းအမှတ်အသားကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတာဝန်ရှိသူများက ထပ်ဆင့်အတည်ပြုလက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသား (အင်္ဂလိပ်-မြန်မာ) ဘာသာပြန်မူရင်းများကို သက်သေခံ (ဃ)၊ (င) နှင့် (စ) အဖြစ်လည်းကောင်း၊ ၁၅-၁၀-၂၀၁၃ ရက်စွဲဖြင့် ထိုင်းနိုင်ငံ အခြေစိုက်ကုမ္ပဏီက တရားလိုကုမ္ပဏီအား အခွင့်အာဏာလွှဲအပ်၍ ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်သွင်းကြေညာလွှာ သက်သေခံ (ဆ) ကိုလည်းကောင်း တင်သွင်းထားကြောင်း၊ သက်သေခံ(င) အရ တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီကိုယ်စား RBI ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အကျိုးစီးပွားထိခိုက်နစ်နာစေသူများအပေါ် တရားစွဲဆိုရန် အခွင့်အာဏာရှိသူဖြစ်သည်ဟု အထင်အရှား ကောက်ယူနိုင်ကြောင်း၊ Win Auto Parts အရောင်းဆိုင်က RBI အမှတ်အသားပါ ပစ္စည်းများကို တုပပြုလုပ်ရောင်းချနေကြောင်း သက်သေခံ (ည) အရောင်းပြေစာ ၃ စောင်နှင့် လိုပြသက်သေ မောင်သိန်းနိုင် တို့၏ ထွက်ဆိုချက်၊ သက်သေခံ (ဋ) နို့တစ်စာဖြင့် Win Auto Parts Ltd အမည်လိပ်စာ တပ်၍ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ Central Tower အဆောက်အဦသို့ ပေးပို့ခဲ့ရာ ယင်းနို့တစ်စာကို စောဖောစောဆိုသူ ဝန်ထမ်းတစ်ဦးက စာအိတ်ကို ဖွင့်ဖောက်၍ တရားလိုထံ ပြန်လည်ပေးပို့လာသည့် အထောက်အထားများအရလည်း ထင်ရှားပေါ်ပေါက်ကြောင်း၊ သက်သေခံ (ဌ) Win Auto Parts ဆိုင်ခန်းအမည် ဆိုင်းဘုတ်တပ်ထားသည့် ဘုရင့်နောင်ဈေးရှိ အရောင်းပြခန်းနှင့်အတူ အဆိုပါ အရောင်းပြခန်းက Internet web-site တွင် ထုတ်လွှင့်ကြေညာထားသော ကြော်ငြာဓာတ်ပုံမိတ္တူများအရ Win Auto Parts အရောင်းပြခန်းဆိုင်သည် တရားလိုကုမ္ပဏီက ထိုင်းနိုင်ငံကုမ္ပဏီ၏ တစ်ဦးတည်းသော အရောင်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချနေသော ပစ္စည်းများ၏ ပစ္စည်းအတုများကို တရားပြိုင် ကုမ္ပဏီက ဖြန့်ဖြူးရောင်းချနေကြောင်း ထင်ရှားပေါ်ပေါက်ကြောင်း၊ ဤအခြေအနေတွင် မူလခရိုင်တရားရုံးက တရားပြိုင်ကုမ္ပဏီအပေါ် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ အရ ချမှတ်သော ဒီကရီနှင့် လျော်ကြေးပေးစေရန် ချမှတ်သော ဒီကရီတို့အပေါ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့က ဆက်လက်အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

တရားလို Golden Power Lamp Co., Ltd သည် မူလအဆိုလွှာ၌ ဖော်ပြပါရှိသည့် တရားပြိုင်အမည်ကို Win Auto Parts ဟု ဖော်ပြထားသဖြင့် တရားပြိုင်လိပ်စာဖြစ်သည့် ကျောက်တံတားမြို့နယ်၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြား Central Tower တိုက်အမှတ် (၇၀၅/၇၀၆) သို့ ငြင်းချက်ထုတ်ရန် သမ္မန်စာချအပ်ခဲ့ရာ အဆိုပါကုမ္ပဏီဖွင့်လှစ်ထားခြင်း မရှိကြောင်း ဆင့်စာလုလင်က ပြန်လည်တင်ပြခဲ့သည်။ မူလခရိုင်တရားရုံးက တရားပြိုင်၏လိပ်စာအသစ်ကို တင်ပြရန် တရားလိုကုမ္ပဏီသို့ ညွှန်ကြားခဲ့သဖြင့် တရားပြိုင်ကုမ္ပဏီ၏ လိပ်စာအသစ်ကို မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးရှိ Block-B/40 ဆိုင်ခန်းအမှတ် (1) ဟု တင်သွင်းခဲ့၍ ယင်းလိပ်စာသို့ သမ္မန်စာချအပ်ခဲ့သည်။ သမ္မန်စာအား Win Auto Parts အရောင်းဆိုင်မှ ဦးမောင်မောင်တင်ဆိုသူမှ အုပ်ချုပ်ရေးမှူးဟု လက်မှတ်ရေးထိုးလက်ခံရယူခဲ့ပြီး သမ္မန်စာကို ကုမ္ပဏီရုံးချုပ်သို့ ပေးပို့မည်ဟု စာရေးသား၍ လက်မှတ်ရေးထိုးကြောင်း သမ္မန်စာလုလင်၏ ကျမ်းကျိန်တင်ပြချက်နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်းဥပဒေ ၁၉ တို့အရ သမ္မန်စာလုလင်အား စစ်ဆေးချက်တို့အရ ပေါ်ပေါက်သည်။ ထို့ပြင် ဘုရင့်နောင်ဈေး တာဝန်ခံ ဦးတင်ထွန်းဝင်းကလည်း ယင်းအချက်ကို ထောက်ခံထွက်ဆိုထားသည်။ သို့ဖြစ်ရာ Win Auto Parts မှ ဦးမောင်မောင်တင်က သမ္မန်စာကို

လက်ခံရယူခဲ့ခြင်းသည် ကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ မန်နေဂျာဖြစ်စေ ကုမ္ပဏီဝန်ထမ်း တစ်ဦးဖြစ်သူမှ ကုမ္ပဏီကိုယ်စား လက်ခံရယူခဲ့ကြောင်း ပေါ်ပေါက်သည့်အတွက် သမ္မန်စာ အတည်ဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်သည်။ ရုံးချိန်းရက်တွင် တရားပြိုင်ကုမ္ပဏီ မလာရောက်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၉ နည်းဥပဒေ ၆ (၁) အရ အမှုအား တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မှားယွင်းသည်ဟု မဆိုသာပေ။

Myanmar Win Life Co., Ltd ၏ မန်နေဂျာ ဦးမောင်မောင်မြင့်ဆိုသူသည် ၂၇-၁-၂၀၁၄ ရက်နေ့တွင် တရားရုံးရှေ့ ရောက်ရှိလာပြီး အမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၇ အရ တရားလို စွဲဆိုထားသည့် အမှုသည် Win Auto Parts Co., Ltd ဟု မှားယွင်းအမည်တပ်ထားသော်လည်း ယင်းဆိုင်ခန်းသည် မိမိတို့ ကုမ္ပဏီ၏ ဆိုင်ခန်းဖြစ်ကြောင်း၊ ရောက်ရှိသည့် ရုံးချိန်းမှစ၍ တရားပြိုင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက်ကို မူလခရိုင်တရားရုံးက ခွင့်ပြုခဲ့သည်ကို တွေ့ရှိရသည်။

တရားလိုကုမ္ပဏီသည် အဆိုလွှာတွင် တရားပြိုင်အမည်နေရာအား Win Auto Parts အရောင်းဆိုင်လုပ်ငန်းဟု ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ တရားပြိုင်မှ Win Auto Parts အရောင်းဆိုင်လုပ်ငန်းအဖြစ် Myanmar Win Life Co., Ltd က ဖွင့်လှစ်ထားသော ဆိုင်ခန်းဖြစ်ကြောင်း၊ Win Auto Parts Co., Ltd မဟုတ်ကြောင်း၊ တရားပြိုင်အမည် Win Auto Parts အရောင်းဆိုင်နေရာတွင် Myanmar Win Life Co., Ltd (ကုမ္ပဏီကိုယ်စား ဆောင်ရွက်သူ အရောင်းမန်နေဂျာ ဦးမောင်မောင်မြင့်) ဟူ၍ တရားပြိုင်အမည်နေရာတွင် ပြင်ဆင်သင့်ကြောင်း တင်ပြခဲ့သည်။ မူလခရိုင်တရားရုံးက တရားလို၏ အဆိုလွှာကို တရားပြိုင်အမည်နေရာတွင် Myanmar Win Life Co., Ltd ဟု ဖော်ပြ၍ အဆိုလွှာကို ပြင်ဆင်စေရန် တရားမကျင့်ထုံးဥပဒေအမိန့် ၆ နည်းဥပဒေ ၁၇ အရ အမိန့်ချမှတ်ခဲ့သည့်အတွက် Myanmar Win Life Co, Ltd သည် အမှုတွင် တရားပြိုင်အဖြစ် ပါဝင်ခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားသည်။

အမှုတွင် အထွေထွေမန်နေဂျာ ဦးမင်းစိုးက တရားလိုကုမ္ပဏီကိုယ်စား ဆောင်ရွက်ခွင့်ရသူဖြစ်ကြောင်း ၂၇-၆-၂၀၁၃ ရက်စွဲဖြင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့က တာဝန်ပေးအပ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း သက်သေခံ (က)၊ တရားရုံးကိုယ်စားလှယ်လွှဲစာ (Court Power) သက်သေခံ (က-၁) တို့ကို တင်ပြထားသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၉ နည်းဥပဒေ ၁ တွင် ကော်ပိုရေးရှင်းကဖြစ်စေ၊ ၎င်းအပေါ် စွဲဆိုသည့် အမှုများတွင် အမှုအကြောင်းအရာများကို တင်ပြချေပနိုင်မည့် ယင်းအဖွဲ့အစည်း၏ အတွင်းရေးမှူး သို့မဟုတ် ဒါရိုက်တာလူကြီး သို့မဟုတ် အခြားအကြီးအကဲ အရာရှိသည် အဆိုအချေ တစ်ရပ်ရပ်ကို အဆိုပါ ကော်ပိုရေးရှင်းအတွက် လက်မှတ်ရေးထိုးခြင်း၊ မှန်ကန်ကြောင်း ဝန်ခံခြင်းပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တရားလိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ၂၇-၆-၂၀၁၃ ရက်နေ့တွင် ပြုလုပ်ပြီး အထွေထွေမန်နေဂျာဦးမင်းစိုးအား တရားလိုကုမ္ပဏီကိုယ်စား တာဝန်လွှဲအပ်၍ တရားလိုကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်းက အမှုလိုက်ပါဆောင်ရွက်ရန် ကိုယ်စားလှယ်ခန့်အပ်ခဲ့ခြင်းသည် တရားလိုကုမ္ပဏီကိုယ်စား ကိုယ်စားလှယ်ခန့်အပ်ခြင်းဖြစ်သည်။ အဆိုလွှာတွင် မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း ကိုယ်စားဆောင်ရွက်ပိုင်ခွင့်ရှိသူဖြစ်၍ တရားရုံးကိုယ်စားလှယ်စာရသူ အထွေထွေမန်နေဂျာ

ဦးမင်းစိုး အနေဖြင့် အဆိုလွှာ၌ လက်မှတ်ရေးထိုးခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၉ နည်းဥပဒေ ၁ အရ ဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရန်သာဖြစ်သည်။

၎င်းအပြင် အဆိုလွှာတွင် နည်းလမ်းတကျ အခွင့်အာဏာရှိသူက လက်မှတ်မထိုးခြင်း သို့မဟုတ် အဆိုလွှာ လက်မှတ်ရေးထိုးသူသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၉ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်ဘဲ အခွင့်အာဏာ မရှိသူက လက်မှတ်ရေးထိုးခြင်းစသော ချို့ယွင်းချက်များသည် အမှု၏ အရည်အသွေးကို မထိခိုက်သော နည်းလမ်းမကျနမှုများသာဖြစ်၍ ဒီကရီကို ပယ်ဖျက်ခွင့်မရကြောင်း **ဦးဘချစ်** နှင့် **နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့** အမှုတွင် ညွှန်ပြထားသည်။

အယူခံတရားလို၏ ရှေ့နေက တရားလို Golden Power Co., Ltd သည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd ၏ ဖြန့်ဖြူးရေးကိုယ်စားလှယ်သာ ဖြစ်သောကြောင့် ယင်းကုမ္ပဏီက RBI ကုန်အမှတ် တံဆိပ်ဖြင့် ထုတ်လုပ်သောကုန်ပစ္စည်းများနှင့် ပတ်သက်၍ တရားလို ကုမ္ပဏီအနေဖြင့် တရားစွဲဆိုရန် အခွင့်အရေး (Right to sue) မရှိကြောင်း တင်ပြထားသည်။

တရားလိုကုမ္ပဏီအား RBI ကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်သူ ထိုင်းနိုင်ငံအခြေစိုက်ကုမ္ပဏီက မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော ဖြန့်ဖြူးရေးကိုယ်စားလှယ်ဖြစ်ကြောင်း ထောက်ခံချက် သက်သေခံ (ဃ)၊ တရားလိုကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးဝင်းသို့ ယင်းကုန်အမှတ်တံဆိပ် ထိပါးချိုးဖောက်သူများအပေါ် တရားစွဲဆို အရေးယူဆောင်ရွက်ခွင့်အာဏာကို လွှဲအပ်ကြောင်း လွှဲအပ်စာ သက်သေခံ (င) ကို ၂၄-၁၀-၂၀၁၂ နေ့တွင် RBI ကုမ္ပဏီက လက်မှတ်ရေးထိုးပေးပို့ခဲ့သည်။ သက်သေခံ (ဃ) ထောက်ခံချက်သက်တမ်းသည် ၇-၄-၂၀၁၀ နေ့မှ ယင်းနှစ် ကုန်ဆုံးသည်ဟု ပါရှိသော်လည်း သက်သေခံ (ဃ) ထောက်ခံချက်ဖြင့် ဤအမှုကို တရားစွဲဆိုခဲ့သည်ဟု မဆိုနိုင်ပေ။

၁၅-၁၀-၂၀၁၂ ရက်စွဲပါ တရားလိုကုမ္ပဏီသည် ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co., Ltd ၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာလွှာ သက်သေခံ (စ)၊ သဘောတူညီချက်နှင့် ဥပဒေအရ အရေးယူဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းသည့် သဘောတူစာချုပ် သက်သေခံ (ဆ) ပါ အပိုဒ် ၆ အရ တရားလိုကုမ္ပဏီအား ခန့်အပ်မှုသည် ၃ နှစ်ကာလဖြစ်သည်။ ယင်းစာချုပ်အပိုဒ် ၉ အရ ၁၀-၁၂-၂၀၁၂ ရက်နေ့မှ စတင်အကျိုးသက်ရောက်သည်ဖြစ်၍ အမှုအား စွဲဆိုသည့် ၁၆-၇-၂၀၁၃ ရက်နေ့တွင် RBI ကုန်အမှတ်တံဆိပ်ပါ ရာဘာအပိုပစ္စည်းများနှင့် ပတ်သက်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချသူများအပေါ် မြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သူ တရားလိုကုမ္ပဏီက ဥပဒေအရ တရားစွဲဆိုအရေးယူဆောင်ရွက်ခွင့်ရှိကြောင်း ပေါ်ပေါက်နေပေသည်။

ထိုသို့ တရားစွဲဆို အရေးယူခွင့်ရှိသည့်အတွက် တရားလိုကုမ္ပဏီမှ သက်သေခံ (ဇ)၊ (ဈ) တို့ဖြင့် ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်ကို ၁၃-၂-၂၀၁၃ နေ့နှင့် ၈-၅-၂၀၁၃ နေ့တို့တွင် ကြေးမုံသတင်းစာမှ အများသိစေရန် ထည့်သွင်းကြေညာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုရှေ့နေ တင်ပြသည့် တရားလိုကုမ္ပဏီသည် တရားစွဲဆိုရန် အခွင့်အရေး (Right to sue) မရှိကြောင်း တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိချေ။

RBI ကုန်အမှတ်တံဆိပ်အမည်ပါ ပစ္စည်းများကို Win Auto Parts အရောင်းဆိုင်က တုပပြုလုပ်ရောင်းချကြောင်း သက်သေခံ (ည)၊ အရောင်းပြေစာ ၃ စောင်နှင့် မောင်သိန်းနိုင် (လိုပြ-၁) တို့၏ ထွက်ဆိုချက်တို့အရ တွေ့ရှိရသည့်အပြင် သက်သေခံ (ဋ) နို့တစ်စာဖြင့် တရားလိုကုမ္ပဏီက Win

Auto Parts Co, Ltd သို့ လိပ်စာတပ်၍ ကျောက်တံတားမြို့နယ်၊ Central Tower အဆောက်အဦသို့ ပေးပို့ခဲ့ရာ စောဖောစောဆိုသူ ဝန်ထမ်းတစ်ဦးက စာအိတ်အား ဖွင့်ဖောက်လျက် တရားလိုကုမ္ပဏီ၏ ရှေ့နေထံ ပြန်လည်ပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။

Win Auto Parts ဆိုင်ခန်းအမည် ဆိုင်းဘုတ်တပ်ထားသည့် ဘုရင်နောင်ဈေးရှိ အရောင်းပြခန်း ဓာတ်ပုံသက်သေခံ (၄)၊ ယင်းအရောင်းပြခန်းမှ Internet Web-site တွင် ထုတ်လွှင့် ကြေညာထားသော ကြော်ငြာဓာတ်ပုံများ သက်သေခံ (၃) တို့အရလည်း Win Auto Parts အရောင်းပြခန်း ဆိုင်တွင် RBI ပစ္စည်းများ၏ ပစ္စည်းအတုများကို တရားပြိုင် Myanmar Win Life Co, Ltd က ဖြန့်ဖြူးရောင်းချနေကြောင်း ထင်ရှားပေါ်ပေါက်နေပေသည်။ တရားပြိုင်ကုမ္ပဏီ၏ ပြုလုပ်မှုကြောင့် မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ် တရားလိုကုမ္ပဏီ အနေနှင့် နစ်နာပြီး ထာဝရ တားဝရမ်း ရထိုက်ကြောင်းနှင့် နစ်နာကြေးရထိုက်ကြောင်းမှာ မြင်သာသည်။

ထို့ကြောင့် မူလခရိုင်တရားရုံးက တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် တုပထုတ်လုပ်ထားသည့် မော်တော်ယာဉ်အင်ဂျင်သုံး ရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုရန် ထာဝရ တားမြစ်မိန့် ထုတ်ပေးခြင်းနှင့် တရားပြိုင် Myanmar Win Life Co., Ltd သည် တရားလို Golden Power Lamp Co., Ltd သို့ နစ်နာမှု လျော်ကြေးငွေကျပ်သိန်း ၄၀၀ ပေးစေရန် ချမှတ်ခဲ့သည့် ဒီကရီနှင့် ယင်းဒီကရီကို ဆက်လက် အတည်ပြု ခဲ့သည့် တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ ဒီကရီတို့သည် ဥပဒေနှင့်ညီညွတ်မှုမရှိဟု ဆိုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(အောင်ဇော်သိန်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး